# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်စျေးကွက်သတင်းလွှာ

April 24 , 2023 Volume 65, Number 10

၂၄.၄.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေစျေး | = ၁၉၇၇ US$ |
| မြန်မာ့ရွှေစျေး | = ၂၉၇၅၀၀၀ ကျပ် |
| ဒေါ်လာစျေး | = ၂၈၅၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၁၃.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၇၃.၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၁၂.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၄.၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၄.၆၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၆၃၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၇.၃၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၃.၂၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၀၆၄ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## တရုတ်နိုင်ငံသို့ ဆန်/ဆန်ကွဲတင်ပို့ခွင့် မှတ်ပုံတင်လျှောက်ထားလိုသည့် ကုမ္ပဏီများအား စိတ်ဝင်စားမှု (Expression of Interest-EOI) အဆိုပြုလွှာတင်ပြရန် ဖိတ်ခေါ်ခြင်း

တရုတ်နိုင်ငံသို့ ဆန်/ဆန်ကွဲ တင်ပို့လိုသည့်ကုမ္ပဏီများအား မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နှစ်နိုင်ငံ ချုပ်ဆိုထားသော အပင်ကျန်းမာရေး လိုအပ်ချက် သဘောတူစာချုပ်အရ Sanitary and Phytosanitary (SPS) Protocol သတ်မှတ် စည်းကမ်းချက်များနှင့်အညီ နှစ်စဉ်ပုံမှန်စိစစ် မှတ်ပုံတင်ခြင်းကို ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ဆန်/ဆန်ကွဲ တင်ပို့ခွင့်မှတ်ပုံတင် လျှောက်ထားလိုသည့်ကုမ္ပဏီများအနေဖြင့် စိတ်ဝင်စားမှု အဆိုပြုလွှာများအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတွင်လည်းကောင်း၊ တရုတ်နိုင်ငံသို့ ဆန်/ဆန်ကွဲ တင်ပို့ နိုင်ရေး နည်းပညာရပ်ဆိုင်ရာလုပ်ငန်းအဖွဲ့ (Technical Working Group) (မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်) တွင်လည်းကောင်း ရယူပြီး (၁) Hard Copy (၂) Soft Copy (Word File) များဖြင့် (၁၉.၅.၂၀၂၃) ရက်နေ့ နောက်ဆုံးထား၍ အဆိုပြုတင်ပြ လျှောက်ထားနိုင်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သတင်းရရှိပါသည်။

**ဆက်သွယ်ရန်လိပ်စာ**

၁။ စိုက်ပျိုးရေးဦးစီးဌာန

သီးနှံကာကွယ်ရေးဌာနခွဲ

ဘုရင့်နောင်လမ်းမကြီး၊ အနောက်ကြို့ကုန်း

အင်းစိန်၊ ရန်ကုန်

Ph- 01-644214

Email: directorppddoa@gmail.com

တရုတ်နိုင်ငံသို့ ဆန်/ဆန်ကွဲတင်ပို့နိုင်ရေး

၂။ တရုတ်နိုင်ငံသို့ ဆန်/ဆန်ကွဲတင်ပို့နိုင်ရေးနည်းပညာရပ်ဆိုင်ရာလုပ်ငန်းအဖွဲ့ (Technical Working Group)

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ရုံး(UMFCCI ၉လွှာ)

မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်

01-218266~68 ၊ 01-2301128~29

Email: admin@mrf.com.mm

**လျှောက်လွှာရယူရန်**

လျှောက်လွှာများအား အောက်ပါ (Word)ဖိုင်၊ https://www.doa.gov.mm , https://ppd.doa.gov.mm နှင့် www.umfcci.com.mm တို့တွင် (Download) ရယူလျှောက်ထားနိုင်ပါသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%94%E1%80%B1%E1%80%AC%E1%

## သင်္ကြန်ကာလတွင် ဝါးနှင့်ကြိမ်ပစ္စည်း အရောင်းအဝယ်ကောင်းခဲ့ပြီး ဧပြီလကုန်ပိုင်းအထိ မှာယူမှုများပြား



https://www.myawady.net.mm

မြန်မာ့နှစ်ကူး သင်္ကြန်ကာလတွင် ပြည်တွင်းလက်မှုပစ္စည်းဖြစ်သော ဝါးနှင့်ကြိမ်ကုန်ချောပစ္စည်းများဖြစ်သည့် ရောဝတီတိုင်းဒေသကြီးမှ နီးဦးထုပ်၊ နီးခမောက်၊ ဝါးပစ္စည်းနှင့် ကြိမ်ကုန်ချောပစ္စည်း မှာယူရာ၌ ဝယ်လိုအားနှင့် ထုတ်လုပ်မှုမမျှသည်အထိ အရောင်းအဝယ်ကောင်းခဲ့ရာ ဧပြီလကုန်ပိုင်းအထိ လက်ကားဒိုင်များက မှာယူမှုများပြားလျက်ရှိကြောင်း ရောဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့ လက်မှုပစ္စည်း ထုတ်လုပ်သည့် လုပ်ငန်းရှင်များထံမှ သိရသည်။

ရောဝတီတိုင်းဒေသကြီးမှ ထွက်ရှိသော ဝါးပစ္စည်း၊ ကြိမ်ပစ္စည်းနှင့် ဖေဒါတို့မှထုတ်လုပ်သည့် လက်မှုပစ္စည်းများကို မြန်မာပြည်တစ်ဝန်းမှ မှာယူရာ၌ ကုန်ကြမ်းပစ္စည်းဈေးနှုန်းမြင့်တက်ခြင်း၊ လုပ်သားရှားပါးခြင်းနှင့် လုပ်အားခမြင့်တက်လာခြင်းတို့ ကြုံတွေ့ရသော်လည်း ခရီးသွားရာသီတစ်လျှောက်နှင့် သင်္ကြန်ကာလအတွင်း ခရီးသွားများခဲ့၍ ဝယ်လိုအားမြင့်တက်ခဲ့ပြီး အရောင်းအဝယ်ကောင်းခဲ့ကာ ပုဂံ၊ အင်းလေးနှင့်သံတွဲတို့သို့ အများဆုံး တင်ပို့ခဲ့ရကြောင်း သိရသည်။

အထူးသဖြင့် ဧပြီလတွင် အပူရှိန်တိုးလာမှုကြောင့် အပူဒဏ်ကာကွယ်သည့်အနေဖြင့် အမျိုးသားဆောင်း၊ အမျိုးသမီးဆောင်း နီးဦးထုပ်မျိုးစုံ အဝယ်လိုက်ခဲ့ပြီး ဧပြီလ သင်္ကြန်ကာလပြီးဆုံးသည့်တိုင် မြန်မာပြည်ခရီးသွားဒေသတို့မှ ယနေ့အချိန်ထိ မူရင်းလက်ကားဒိုင်သို့ အပြိုင်အဆိုင် မှာယူကြဆဲဖြစ်ရာ ယမန်နှစ်ကထက် ရောဝတီတိုင်းဒေသကြီးရှိ လက်မှုပစ္စည်းထုတ်လုပ်သည့်လုပ်ငန်းများနှင့် ခရီးသွားဒေသတို့မှ အရောင်းဆိုင်များ စီးပွားရေးအခွင့်အလမ်း များစွာ ပွင့်လန်းခဲ့သည်။

"ဒီနှစ်မှာ နီးနဲ့ဝါးပစ္စည်းမှာယူမှု များခဲ့တယ်။ ဒီနေ့အထိလည်းမှာနေဆဲပဲ။ သူတို့မှာသလောက် မထုတ်နိုင်ဘူးဖြစ်နေတယ်။ ဒီပညာကို တတ်ကျွမ်းတဲ့ လုပ်သားရှားပါးလာတာကြောင့်ပါ။ အရင်က နေ့စားလုပ်အားခ တစ်ရက် ငွေကျပ် ၄၀၀၀ ပေးရရင် အခု ငွေကျပ် ၇၀၀၀ ပေးရတယ်။ အမှာစာများတဲ့အတွက်လည်း ပေးနိုင်ပါတယ်။ အဓိက လုပ်သားရှားလာတာကြောင့် မှာသလောက် ကုန်ချောပစ္စည်း မထုတ်ပေးနိုင်ဘူး ဖြစ်နေတာပါ။"

"ကုန်ကြမ်းပစ္စည်းက မရှားဘူး။ ဝယ်လိုအားနဲ့ ထုတ်လုပ်မှုမမျှတာပါ။ သင်္ကြန်ကာလ မတိုင်မီ၊ သင်္ကြန်ကာလနဲ့ သင်္ကြန်ပြီးသွားပေမယ့် နီးဦးထုပ်နဲ့ဝါးနဲ့ပတ်သက်တဲ့ပစ္စည်းက အဝယ်လိုက်နေဆဲပါပဲ။ အရောင်းအဝယ်ကောင်းတဲ့နှစ်လို့ ပြောရမှာပါ။ အပူရှိန်ကာကွယ်တဲ့ အနေနဲ့ နီးဦးထုပ် အသုံးပြုမှု များလာတာလည်းပါပါတယ်။"

"ရောဝတီတိုင်းမှာ ဝါးပစ္စည်းထုတ်လုပ်တဲ့ လုပ်ငန်းရှင်နည်းတယ်။ တစ်နိုင်ငံလုံးကိုဒီတိုင်းဒေသကြီးတစ်ခုတည်းက တင်ပို့နေတာပါ။ သင်္ကြန်ကာလမှာ ငပလီ၊ သံတွဲ၊ အင်းလေး၊ ပြင်ဦးလွင်၊ တောင်ကြီး၊ ပင်းတယ၊ မော်လမြိုင်က မှာယူမှုများတယ်။ ကျန်တဲ့ဒေသတွေလည်း မှာကြပါတယ်။"

"မြန်မာ့လက်မှုပစ္စည်း အရည်အသွေးဟာ အိမ်နီးချင်းနိုင်ငံတွေနဲ့ ရင်ပေါင်တန်းနိုင်တာကြောင့် အာဆီယံနိုင်ငံတွေကို အရည်အသွေးကောင်းပြီး သင့်တင့်တဲ့ဈေးနှုန်းနဲ့ တင်ပို့နိုင်တဲ့ ဈေးကွက်တစ်ခုရှိမယ်ဆိုရင် မြန်မာ့ရိုးရာလက်မှုပညာ ပိုတိုးတက်ပြီး ဈေးကွက်ခိုင်မာမှုရှိမယ်ဆိုရင် အလုပ်အကိုင်အခွင့်အလမ်းတွေလည်း ပိုရလာမှာပါ" ဟု ငါးသိုင်းချောင်းမြို့မှ ဝါး/ကြိမ် လက်မှုပစ္စည်းလုပ်ငန်းရှင် ဦးအောင်လွင်ကပြောသည်။

ရောဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်း နီးဦးထုပ်နှင့် ခေတ်ပေါ်ဝါးပစ္စည်းသည် နာမည်ကြီးပြီး တစ်နှစ်လျှင် ငါးသိုင်းချောင်း နီးဦးထုပ်သိန်းချီ၍ ထုတ်လုပ်လျက်ရှိသည်။ ဝါးနှင့်ပတ်သက်သော ပစ္စည်းအမယ် ၂၀ ကျော်၊ ကြိမ်ပစ္စည်းအမယ် ၃၀ ခန့်နှင့် ဖေဒါပင်မှ လူသုံးကုန် လက်မှုပစ္စည်းများကို ထုတ်လုပ်လျက်ရှိရာ နိုင်ငံခြားသားများ အထူးနှစ်ခြိုက်လျက်ရှိသည်။

ပြည်တွင်းဈေးကွက်တွင် ဝါးမှထုတ်လုပ်သော ဝါးဦးထုပ်အမျိုးမျိုး၊ ဝါးဆွဲခြင်း၊ ဝါးတစ်သျှူးဘောက်၊ ဝါးဘောပင်အိမ်၊ ဝါးပန်းဆိုင်၊ ဝါးခွက်၊ ဝါးဇွန်း၊ ဝါးဆေးတံ အပါအဝင်လူသုံးကုန် ပစ္စည်းများနှင့် ကြိမ် ပစ္စည်းဖြစ်သော ကြိမ်ဗန်း၊ တစ်သျှူးဘောက်၊ ကြိမ်ဆွဲခြင်း၊ ကြိမ်ထိုင်ခုံနှင့် လူသုံးကုန် ပစ္စည်းများကို ထုတ်လုပ်လျက်ရှိပြီး ဝါးပစ္စည်းထုတ်လုပ်ရန် တင်းဝါးကိုအသုံးပြု၍ ကြိမ်ပစ္စည်းထုတ်လုပ်ရန် ရေငန်ဒေသများမှကြိမ်ကို အသင့်ရရှိလျက်ရှိသည်။ ဝါးနှင့်ကြိမ် ကုန်ချော ပစ္စည်းများကို ရန်ကုန်၊ မန္တလေး၊ ပုဂံ၊ အင်းလေး၊ ပင်းတယ၊ မော်လမြိုင်၊ ရခိုင်ဒေသနှင့် ကျန်သော ခရီးသွားဒေသများသို့ တင်ပို့လျက်ရှိပြီး လက်မှုပစ္စည်းဖြစ်သောကြောင့် လုပ်သားများ၏ ထုတ်လုပ်မှုပေါ်တွင် မူတည်လျက်ရှိ၍ အပူရှိန်တိုးလာသော ဧပြီလ၌ နီးဦးထုပ်များနှင့် အအေးခံတတ်ရှိသော ကြိမ်ပစ္စည်း မှာယူမှုများပြားနေဆဲဖြစ်ကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/39674

## မန္တလေး ပဲမျိုးစုံဈေးကွက်အခြေအနေ

ပွဲစားကုန်သည်စက်ပိုင်မဟာကထိန်တော်အသင်းသည် သင်္ကြန်ကာလပိတ်ရက်ပြီး စတင်ဖွင့်သောကာလဖြစ်၍ ပဲမျိုးစုံအားလုံး အရောင်းအဝယ်ဖြစ်မှု နည်းနေသည်။

မတ်ပဲဈေးနှုန်း ရန်ကုန်ဝယ်လက်နည်းသော်လည်း လက်ကျန်နည်းခြင်းကြောင့် သင်္ကြန်မတိုင်မီက ၆၀ ပိဿာ ၂၀၀၀၀၀ ကျပ် မှ ၂၀၂၀၀၀ ကျပ်သို့ ဈေးမသိမသာမြင့်သွားသည်။ ပဲတီစိမ်း (အညာ) မှာ လက်ကျန်ပုံမှန်ဖြစ်၍ အရောင်းအဝယ် အေးခြင်းကြောင့် ၅၆.၂၅ ပိဿာလျှင် ၁၆၅၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ပဲတီစိမ်း(လမ်း)မှာ ၁၉၅၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေပြီး ပဲတီစိမ်း(ခရမ်း)မှာ အရည်အသွေးပေါ်မူတည်၍ ၂၂၀၀၀၀ ကျပ် မှ ၂၀၈၀၀၀ ကျပ်သို့ ဈေးမသိမသာ နိမ့်သွားသည်။

ပဲစင်းငုံ(ဖြူ)မှာ ပစ္စည်းရှားသော်လည်း အရောင်းအဝယ်အေးသောကြောင့် ၆၀ ပိဿာ ၂၁၆၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ် နေပြီး ပဲစင်းငုံ(နီ)မှာ ခွဲစက်များ ဝယ်ယူမှုရှိသဖြင့် ၆၀ ပိဿာ ၂၂၆၀၀၀ ကျပ် မှ ၂၃၀၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။

ပဲပုတ်(မြန်မာ)မှာ လုပ်ငန်းသမား ဝယ်ယူမှုရှိခြင်းကြောင့် ၅၃.၂၅ ပိဿာ ၂၀၀၀၀၀ ကျပ် မှ ၂၀၅၀၀၀ ကျပ်သို့ ဈေးမသိမသာမြင့်သွားပြီး ပဲပုတ်(ရှမ်း)မှာ ဆီစက်သမား အဝယ်နည်းခြင်းကြောင့် ၁၆၀၀၀၀ ကျပ် မှ ၁၅၅၀၀၀ ကျပ်သို့ ဈေးမသိမသာနိမ့်သွားသည်။

ကုလားပဲ (လုံးဖြူကြီး)မှာ သင်္ကြန်အပြီး လုပ်ငန်းသမား အဝယ်ရှိခြင်း ၊ လှောင်သမားထံမှ ဝယ်ရခြင်းကြောင့် ၅၇.၂၅ ပိဿာ ၂၀၇၀၀၀ ကျပ် မှ ၂၁၃၀၀၀ ကျပ်သို့လည်းကောင်း ၊ လုံးဝါကြီးမှာ ခွဲစက်များ ဝယ်ယူမှုရှိခြင်းကြောင့် ၅၆.၂၅ ပိဿာ ၁၉၅၅၀၀ ကျပ် မှ ၂၀၇၀၀၀ ကျပ်သို့ ဈေးမြင့်လာပြီး ခွဲခြမ်းမှာ တစ်ပိဿာ ၄၈၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

သင်္ကြန်အပြီး စတင်ဖွင့်စဖြစ်သဖြင့် အရောင်းအဝယ်အေးခြင်းကြောင့် ပဲယင်း ၆၀ ပိဿာ ၁၅၃၀၀၀ ကျပ် ၊ စားတော်ပဲ (ကျွန်း) ၃၄၀၀၀၀ ကျပ် ၊ ပဲလွန်းဖြူ ၆၀ ပိဿာ ၁၄၀၀၀၀ ကျပ် ၊ ပဲလွန်းပြာ ၅၄.၂၅ ပိဿာ ၁၂၅၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ် နေသည်။

ပဲကြီး (ကြီး/သေး) ၊ ထောပတ်ပဲ(ကြီး/သေး)တို့မှာလည်း စတင်ဖွင့်စဖြစ်၍ အရောင်းအဝယ်ဖြစ်မှုမရှိဘဲ ယခင်သင်္ကြန် မတိုင်မီကာလအတိုင်း ပဲကြီး (ကြီး) ၅၅.၂၅ ပိဿာ ၂၃၅၀၀၀ ကျပ် ၊ ပဲကြီး(သေး) ၂၁၅၀၀၀ ကျပ် ၊ ထောပတ်ပဲ(ကြီး) ၅၆.၂၅ ပိဿာ ၂၃၈၀၀၀ ကျပ် ၊ ထောပတ်ပဲ(သေး) ၂၃၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

**Source: MOALI**

https://www.foodindustrydirectory.com.mm/food-industry/cuisine/myanmar/item/6060-beans-pulses-mandalay.html

## မန္တလေး ဆီထွက်သီးနှံနှင့် ဆီဈေးကွက်အခြေအနေ

မန္တလေး ပွဲစားကုန်သည်စက်ပိုင်မဟာကထိန်တော်အသင်းတွင် သင်္ကြန်ကာလ ပိတ်ရက်အပြီး စတင်ဖွင့်လှစ်သော ကာလဖြစ်၍ မြေပဲ(လုံးဆန်)မှာ လုပ်ငန်းသမား ဝယ်ယူမှုရှိခြင်း ၊ သင်္ကြန်အပြီး အသစ်မဝင်သေးခြင်းကြောင့် ၁၀၀ ပိဿာ

အရည်အသွေး အကောင်းဆုံး ၆၅၀၀၀၀ ကျပ် မှ ၆၈၀၀၀၀ ကျပ်သို့ ဈေးမြင့်လာသည်။မြေပဲ (ဆီဆန်) မှာလည်း ဆီစက်များ ဝယ်ယူမှုများ ခြင်းကြောင့် ၁၀၀ ပိဿာ ၆၂၀၀၀၀ ကျပ် မှ ၆၅၀၀၀၀ ကျပ်သို့ ဈေးမြင့်လာသည်။

နှမ်း (ဖြူ/ညို/နက်)တို့မှာ စတင်ဖွင့်သောကာလဖြစ်၍ လုပ်ငန်းသမား တရုတ်ဝယ်လက်နည်းပြီး အရောင်းအဝယ်ဖြစ်မှု နည်းခြင်းကြောင့် နှမ်း(ဖြူ) ၄၅ ပိဿာ အရည်အသွေးအကောင်းဆုံး ၃၂၀၀၀၀ ကျပ် ၊ နှမ်းညို ၂၆၀၀၀၀ ကျပ် ၊ နှမ်းနက်(စမုံ) ၂၉၅၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

ပန်းနှမ်းနှင့်နေကြာမှာလည်း လုပ်ငန်းသမား ၊ ဆီစက်သမား အဝယ်နည်းသေးခြင်းကြောင့် ပန်းနှမ်း ၄၅ ပိဿာ ၁၇၄၀၀၀ ကျပ် ၊ နေကြာ ၂၇ ပိဿာ ၁၀၃၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

ဆီဈေးနှုန်းများအနေဖြင့်

ပဲဆီ တစ်ပိဿာ အရည်အသွေးပေါ်မူတည်၍ ၁၁၀၀၀ ကျပ် မှ ၁၂၅၀၀ ကျပ် ၊

နှမ်းဆီ တစ်ပိဿာ ၁၁၀၀၀ ကျပ်၊

မုန်ညှင်းဆီ တစ်ပိဿာ ၁၀၀၀၀ ကျပ်၊

နေကြာဆီ တစ်ပိဿာ ၁၂၀၀၀ ကျပ် မှ ၁၃၀၀၀ ကျပ် ၊

ပဲပုတ်ဆီ တစ်ပိဿာ ၅၈၀၀ ကျပ် မှ ၆၅၀၀ ကျပ်၊

စားအုန်းဆီ တစ်ပိဿာ ၆၆၀၀၀ ကျပ်ဖြင့်

ဈေးတည်ငြိမ်နေသည်။

**Source: MOALI**

https://www.foodindustrydirectory.com.mm/food-industry/cuisine/myanmar/item/6059-oil-seeds.html

## ဘုရင့်နောင်ကုန်စည်ဒိုင်၏ (၁၈-၄-၂၀၂၃ မှ ၂၁-၄-၂၀၂၃) အတွင်း ကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲများ၏ (တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2022 Crop) ကျပ် ၂၀၆၇၀၀၀၊ မတ်ပဲ SQ/RC (2022 Crop) ကျပ် ၂၃၀၇၀၀၀ နှင့် ပဲစင်းငုံ Red/RC (2022 Crop) ကျပ် ၂၃၉၅၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲ FAQ/ RC(2022 Crop) ကျပ် ၃၀၀၀ ဈေးမြင့်တက်ခဲ့ပြီး မတ်ပဲ SQ/RC (2022 Crop) ကျပ် ၁၂၀၀၀ နှင့် Red/RC (2022 Crop) ကျပ် ၂၅၀၀၀ ဈေးကျဆင်းခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲFAQ/RC (2022 Crop) ကွန်တိန်နာ ၈၅ လုံး ( တန်ချိန် ၂၀၄၀) ဝင်ရောက်ခဲ့ပြီး ယခု အပတ်တွင် မတ်ပဲFAQ/RC (2022 Crop) ကွန်တိန်နာ ၁၅ လုံး ( တန်ချိန် ၃၆၀) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက်ကွန်တိန်နာ ၇၀ လုံး (တန်ချိန် ၁၆၈၀) လျော့နည်း ဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ရေတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ရေတ်သီး ( တစ်ပိဿာ ) ဈေးနှုန်းများမှာ မြွားနီ ကျပ် ၁၀၀၀၀၊ ပန်းရဲရေတ်(သစ်) AC ကျပ် ၁၁၅၀၀၊ မိုးထောင်( ဒီမွန်) ကျပ် ၁၂၀၀၀၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၁၅၀၀၀ နှင့် မြစ်ဝ(ပု)သစ် ကျပ် ၁၄၅၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ရေတ်ဈေးများ ငြိမ်လျက်ရှိသည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ရေတ်ရှည် အိတ်ပေါင်း ၉၃၀၀ (၁၈၆၀၀၀ ပိဿာ) နှင့် ရေတ်ပုအိတ်ပေါင်း ၂၄၀၀ (၃၆၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ် တွင် ရေတ်ရှည် အိတ်ပေါင်း ၇၀၀၀ (၁၄၀၀၀၀ ပိဿာ) နှင့် ရေတ်ပုအိတ်ပေါင်း ၁၀၀၀ (၁၅၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သဖြင့် ရေတ်ရှည်အိတ်ပေါင်း ၂၃၀၀ ( ၄၆၀၀၀ ပိဿာ) နှင့် ရေတ်ပုအိတ်ပေါင်း ၁၄၀၀ ( ၂၁၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ ကြောင်း သိရသည်။

**မန်ကျည်း**


ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီး ပွင့်ကပ် (သစ်) ကျပ် ၁၈၀၀ ၊ မန်ကျည်းအသား (သစ်) ကျပ် ၂၇၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်များဈေးငြိမ်လျက်ရှိသည်။

**ထန်းလျက်၊ ကြံသကာနှင့်သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သောထန်းလျက်၊ကြံသကာနှင့်သကြား(တစ်ပိဿာ) ဈေးနှုန်းများမှာ တောင်သာမလိုင်(ဒိုး) ကျပ် ၂၅၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၃၀၀၀၊ ပခုက္ကူကြမ်းကျပ် ၂၆၀၀၊ ရေစကြိုထန်းလျက်(ချော) ကျပ် ၃၄၀၀၊ ကြံသကာ(စစ်) ကျပ် ၂၈၀၀ နှင့် သကြား ( ပြည်တွင်း ) ကျပ် ၁၁၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း အမျိုးအစား အားလုံးဈေးငြိမ်လျက်ရှိသည်။

**SSMaw (Domestic (Ygn) MITC**

## ပေါ်ဦးပေါ်ဖျားဖြစ်ပြီး အထွက်နှုန်းနည်းသောကြောင့် စိန်တလုံးသရက်သီးများမှာ ယမန်နှစ်ထက် ဈေးနှစ်ဆပေါက်ဈေးရှိနေ



မကွေးဂျာနယ်

ပြည်တွင်းမှ ထွက်ရှိသော စိန်တလုံးသရက်သီးများမှာ ပေါ်ဦးပေါ်ဖျားဖြစ်သည့်အပြင် အထွက်နှုန်းနည်းခြင်းကြောင့် ယခုနှစ် သရက်ဈေးကွက်တွင် ယမန်နှစ်ထက် ၂ ဆခန့်ရှိနေပြီး တစ်လုံးလျှင် ငွေကျပ် ၇၀၀ မှ ၁၅၀၀ ကျော် ပေါက်ဈေးရှိနေသည်။

ယမန်နှစ်က ပေါ်ဦးပေါ်ဖျား၌ စိန်တလုံးသရက်သီးတစ်လုံးလျှင် ငွေကျပ် ၇၀၀ အမြင့်ဆုံးရှိခဲ့သော်လည်း ယခုနှစ်တွင် အရည်အသွေးကောင်း Export အသီးများမှာ ငွေကျပ် ၁၅၀၀ အထက်ရှိသည်ဟု သရက်ဈေးကွက်နှင့် နည်းပညာအသင်းမှ အတွင်းရေးမှူး ဦးကျော်စိုးနိုင်ကပြောသည်။

"ပြည်တွင်းဈေးကွက်မှာကိုပဲ စိန်တလုံးသရက်သီးက မနှစ်ကထက် ဈေးနှစ်ဆလောက်ဖြစ်နေတယ်။ တရုတ်ကို ပို့နေကြ တာကလည်း အစမ်းဈေးကွက်သဘောမျိုးဖြစ်ပြီး ဈေးကောင်းရနေတယ်။ ဒီဈေးကွက်ကို ထိန်းနိုင်ဖို့ဆိုရင် အရည်အသွေး ကောင်း တင်ပို့ကြဖို့လိုပါတယ်" ဟု ၎င်းကပြောသည်။

သရက်သီးမှာ ပြည်တွင်းစားသုံးမှုနှင့် ပြည်ပဈေးကွက်တွင် ရောင်းအားကောင်းသော သစ်သီးဖြစ်၍ ဈေးကွက်သို့ တင်ပို့ရာ၌ အရည်အသွေးကို အဓိကထားရန်လိုကြောင်း၊ အရည်အသွေးမကောင်းပါက ဈေးကွက်တွင် ခေတ္တသာ ဈေးကောင်းရနိုင်သည်ဟုဆိုသည်။ "လွန်ခဲ့တဲ့ ဆယ်စုနှစ်ကဆိုရင် သရက်သီးတစ်ခြင်းကို ယွမ်ငွေ ၂၀-၂၅ လောက်ထိဖြစ်ခဲ့ဖူးတယ်။ အရည်အသွေးမမီတဲ့ သရက်တွေကိုခူးဆွတ်ပြီး တရုတ်ဈေးကွက်တင်ပို့ရင် နောက်လူတွေလည်း နစ်နာမှာဖြစ်သလို ဈေးကွက် ထိခိုက်မှာပါ။ ခုပေါ်ဦးပေါ်ဖျားမှာ ဝယ်သွားတဲ့ တရုတ်ကုန်သည်တွေ ရှုံးတယ်လို့ ကြားရတယ်´´ဟု ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှ ပွဲစားတစ်ဦးက ပြောသည်။

ပြည်တွင်းဈေးကွက်၌ စိန်တလုံးသရက်တစ်လုံးလျှင် ငွေကျပ် ၁၅၀၀ အထက်ရှိပြီး တစ်လုံးလျှင် ငွေကျပ် ၇၀၀ ဝန်းကျင်ဖြင့် ရောင်းချမှုများလည်းရှိရာ အရည်အသွေးနှင့် ထွက်ရှိရာဒေသ ကွာခြားခြင်းကြောင့်ဖြစ်ကြောင်း၊ ပြည်ပတင်ပို့မှုတွင် အရေအတွက်များစွာကို တစ်ပြိုင်တည်းရောင်းချရသော်လည်း ပြည်တွင်းဈေးကွက်၌ လက်လီရောင်းချရခြင်းဖြစ်ကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## ထိုင်းနယ်စပ်နှင့်တရုတ်နယ်စပ်မှ တင်ပို့နိုင်ခြင်းမရှိတာကြောင့် ပြည်တွင်းပြောင်းပေါက်ဈေး ကျဆင်းနေ

သင်္ကြန်ကာလနောက်ပိုင်း နယ်စပ်မှတစ်ဆင့် ပြောင်းတင်ပို့မှု ပိုမိုကောင်းလာနိုင်ရန် မျှော်လင့်ထားသော်လည်း လမ်းပန်းဆက်သွယ်ရေးလုံခြုံမှုနှင့် ပို့ကုန်အခွန်ကိစ္စရှင်းလင်းမှုမရှိသေးတာကြောင့် ပြည်တွင်းပြောင်းပေါက်ဈေး မြင့်တက်မလာဘဲ ကျဆင်းနေခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံပြောင်းစိုက်ပျိုး ထုတ်လုပ်ရောင်းဝယ်သူများအသင်းဥက္ကဋ္ဌ ဦးနေဝင်းစိုးကပြောသည်။

"သင်္ကြန်ကာလအပြီး နောက်ပိုင်းမှာ ပြောင်းဈေးကောင်းလာမယ် မျှော်လင့်ပေမယ့် မြဝတီနယ်စပ်မှာ လမ်းပန်းဆက်သွယ်ရေး လုံခြုံရေးမကောင်းတာကြောင့် ထိုင်းနိုင်ငံသို့ ပြောင်းတင်ပို့နိုင်ခြင်းမရှိဘဲ ပြည်တွင်းအစာစက်ရုံများ၏

ဝယ်လိုအားသာရှိနေတာပါ။ ရန်ကုန်ဆိပ်ကမ်းအရောက် ပြောင်းတစ်ပိဿာမှာ ငွေကျပ် ၁၂၂၀ သာပေါက်ဈေးရှိပါတယ်။ ဒီပေါက်ဈေးကို ရောင်းသူမရှိလို့ FOB တင်ပို့နိုင်ခြင်းမရှိပါဘူး။ ပုံမှန်ပေါက်ဈေးက ပြောင်းတစ်ပိဿာ ငွေကျပ် ၁၂၅၀ ပေါက်ဈေးခန့်ဖြစ်သင့်သော်လည်း လက်ရှိမှာ ဈေးကျဆင်းနေပါတယ်။ ပြည်တွင်းမှာ ပြောင်းစိုက်တောင်သူအနေနဲ့လည်း ပြောင်းပေါက်ဈေးလျော့ကျနေပါတယ်”ဟု ၎င်းကပြောသည်။

လက်ရှိပြောင်းပေါက်ဈေး ကျဆင်းနေရခြင်းမှာ ထိုင်းနယ်စပ်သို့ မတင်ပို့နိုင်ခြင်း၊ တရုတ်နိုင်ငံနှင့် GACC သဘောတူညီမှုရရှိထားသည့် ပို့ကုန်ကုမ္ပဏီများလည်း တရုတ်နိုင်ငံမှ တိကျသည့်အခွန် သတ်မှတ်ချက်မရရှိသေးတာကြောင့် တင်ပို့နိုင်ခြင်းမရှိသေးကြောင်း သိရသည်။

လာမည့် ပြောင်းရာသီမှာ မျိုးမြေဆီ ဈေးနှုန်းအနည်းငယ်ကျဆင်း မှုရှိသော်လည်း ပြောင်းစိုက်တောင် သူများအနေဖြင့် အခြားလုပ်သား စရိတ်၊ စက်သုံးဆီစရိတ်များ၊ သယ်ယူပို့ဆောင်စရိတ်များ ဈေးမြင့်တက်နေတာကြောင့် စိုက်ပျိုးစရိတ်မြင့်တက်လာသည်။ ထိုသို့ စိုက်ပျိုးစရိတ်မြင့်တက်လာသော်လည်း ပြည်တွင်းပြောင်းပေါက်ဈေးမှာ ငွေကျပ် ၁၂၀၀ ဝန်းကျင်သာရှိသဖြင့် တောင်သူများ အကျိုးအမြတ်နည်းပါးကြောင်းသိရသည်။

ဧပြီ ၂၀ ရက်တွင် ရန်ကုန် ပြောင်းပေါက်ဈေး တစ်ပိဿာ ငွေ ကျပ် ၁၂၂၀၊ မန္တလေးဈေး ၅၄ ပိဿာ တစ်အိတ် ငွေကျပ် ၆၁၅၀၀ ပေါက်ဈေးသာရှိကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## ကမ္ဘာ့ရွှေဈေးကျဆင်းလာသော်လည်း ပြည်တွင်းရွှေဈေး သိန်း ၃၀ နီးပါးအထိရှိလာ



Popular News Journal

ကမ္ဘာ့ရွှေဈေးကျဆင်းလာသော်လည်း ပြည်တွင်းရွှေဈေးကွက်အတွင်း၌ သိန်း ၃၀ နီးပါးအထိ ဈေးမြင့်တက်နေကြောင်း ရွှေဈေးကွက်အတွင်းမှ သိရသည်။

သင်္ကြန်ကာလအပြီး ကမ္ဘာ့ရွှေဈေး တဖြည်းဖြည်းကျဆင်းလာခဲ့ပြီး ဧပြီ ၂၂ ရက် (ယနေ့ နံနက်ပိုင်း)တွင် ကမ္ဘာ့ရွှေဈေး တစ်အောင်စလျှင် ၁၉၈၃ ဒေါ်လာရှိခဲ့ပြီး ပြည်တွင်းရွှေဈေးနှုန်းမှာ ကျပ် ၂,၉၉၀,၀၀၀ အထိ မြင့်တက်မှုရှိနေကြောင်း ပြင်ပရွှေဈေးကွက်အတွင်းမှ သိရသည်။

သင်္ကြန်မတိုင်မီကာလတွင် ကမ္ဘာ့ရွှေဈေးသည် ၂၀၀၇ ဒေါ်လာရှိခဲ့ပြီး ရွှေဈေးနှုန်းမှာလည်း ၂၉၅၀၀၀၀ အထိသာရှိခဲ့ကြောင်းသိရသည်။ ယနေ့တွင် ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်အသင်း (YGEA)မှ သတ်မှတ်ရွှေဈေးနှုန်းသည် ၂,၃၃၆,၂၀၀ ကျပ်ဖြစ်သည်။

ပြည်တွင်းရွှေဈေးနှုန်းသည် ဧပြီ ၆ ရက်တွင် အခေါက်ရွှေတစ်ကျပ်သား ၂,၉၆၅,၀၀၀ ကျပ်၊ ဧပြီ ၇ ရက်တွင် အခေါက်ရွှေတစ်ကျပ်သား ၂,၉၅၉,၀၀၀ ကျပ်၊ ဧပြီ ၈ ရက်တွင် အခေါက်ရွှေတစ်ကျပ်သား ၂,၉၇၀,၀၀၀ ကျပ်နှင့် သင်္ကြန်ကာလအပြီး ဧပြီ ၁၈ ရက်တွင် အခေါက်ရွှေတစ်ကျပ်သား ၂,၉၇၈,၀၀၀ ကျပ်၊ ဧပြီ ၁၉ ရက်တွင် အခေါက်ရွှေတစ်ကျပ်သား ၂,၉၈၂,၀၀၀ ကျပ်ဖြစ်ပေါ်ခဲ့သည်။

မတ်လ တတိယပတ်မှစတင်ပြီး ကမ္ဘာ့ရွှေဈေးမြင့်တက်လာမှုနှင့်အတူ ပြည်တွင်းရွှေဈေးကွက်အတွင်းမှာလည်း သိန်း ၃၀ နီးပါးအထိ ဈေးမြင့်တက်လာခြင်းဖြစ်သည်။ ပြည်တွင်းရွှေဈေးမြင့်တက်နေသော်လည်း ဈေးကွက်အတွင်း အရောင်းအဝယ်အေးကြောင်းလည်း သိရသည်။

**Source: Popular News Journal**

## ၁၇.၄.၂၀၂၃ မှ ၂၁.၄.၂၀၂၃ ရက်နေ့ထိ ဈေးကွက်သုံးသပ်ချက်

**ဆန်စပါး**

ပိတ်ရက်အပြီး ရန်ကုန်ဈေးကွက်မှာရော နယ်ဈေးကွက်မှာပါ ဆန်စပါးဈေးဟာ မြင့်တက်လာခဲ့ပါတယ်။ ပိတ်ရက်သယ်ယူပို့ဆောင်ရေး လမ်းကြောင်းတွေပါပိတ်လို့ ဆန်အဝင်နည်း အဝယ်သွက်ပြီး ဈေးတက်လာတာဖြစ်တယ်လို့

ဆန်ကုန်သည်တွေကဆိုပါတယ်။ လက်ရှိ ပြည်တွင်းဆန်တွေကတော့ ဒေသတွင်း ဝယ်ယူမှုများတဲ့အပြင် နယ်စပ်တင်ပို့မှုကလည်း ရှိနေတာဖြစ်လို့ လတ်တလော ဈေးကျဆင်းနိုင်မှာမဟုတ်ဘူးလို့လည်း ကုန်သည်အချို့က သုံးသပ်ပါတယ်။ မကြာခင် စပါးအသစ်တွေ ဈေးကွက်ထဲ ဝင်ရောက်လာရင်တော့ ဈေးအေးနိုင်တယ်လို့အချို့က ခန့်မှန်းပါတယ်။

ရန်ကုန်ဝါးတန်းဈေးကွက်မှာ ရွှေဘိုပေါ်ဆန်းက တစ်အိတ်ကို ၈၇၀၀၀ ကနေ ၉၇၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၄၀၀၀ ကျပ်၊မြောင်းမြပုသိမ်ပေါ်ဆန်းက တစ်အိတ်ကို ၇၅၀၀၀ကနေ ၈၀၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၅၀၀၀ ကျပ်ဈေးတက်လာပါတယ်။ ဆန်ကြမ်းဖြစ်တဲ့ ဧည့်မထ၂၅ မှတ်တန် ကတော့ တစ်အိတ်ကို ၅၃၀၀၀ ကနေ ၅၃၅၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၁၅၀၀ ကျပ်၊ရက် ၉၀ ကတော့ တစ်အိတ်ကို ၅၉၀၀၀ ကနေ ၆၁၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၁၀၀၀ ကျပ်၊ ဆန်သီးထပ်ကတော့ တစ်အိတ်ကို ၅၃၀၀၀ ကနေ ၅၅၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၂၀၀၀ ကျပ် အသီးသီး ဈေးတက်လာပါတယ်။

ဧရာဝတီတိုင်းဈေးကွက်မှာတော့ ၂၀၂၃ နွေစပါးတွေဖြစ်တဲ့ ပုသိမ်ပေါ်ဆန်းစပါးက တင်း ၁၀၀ ကို ၁၇၆၁၀၀၀ ပေါက်ဈေးရှိပြီး တင်း ၁၀၀ ကို ၁၆၀၀၀၀ကျပ်၊ဆန်ကတော့ တစ်အိတ်ကို ၇၅၀၀၀ ပေါက်ဈေးရှိပြီး ၂၀၀၀ ကျပ်၊ ပုသိမ်ဧည့်မထ စပါးက တင်း ၁၀၀ ကို ၁၄၉၀၀၀၀ ပေါက်ဈေးရှိပြီး တင်း ၁၀၀ ကို ၁၈၀၀၀ ကျပ်၊ဆန်ကတော့ တစ်အိတ်ကို ၅၇၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၁၀၀၀ ကျပ်ဈေးတက်လာပါတယ်။

မြောင်းမြပေါ်ဆန်းစပါးကတော့ တင်း ၁၀၀ ကို ၁၈၅၇၀၀၀ ပေါက်ဈေးရှိပြီး တင်း ၁၀၀ ကို ၁၃၀၀၀၀ ကျော်ဈေးတက်လာပြီး ဆန်က တစ်အိတ်ကို ၂၀၀၀ ကျပ်ဈေးတက်လာကာ ၇၅၀၀၀ ပေါက်ဈေး ရှိပါတယ်။ မြောင်းမြဧည့်မထစပါးကတော့ တင်း ၁၀၀ ကို ၁၅၂၇၀၀၀ ပေါက်ဈေးရှိပြီး တင်း ၁၀၀ ကို ၅၅၀၀၀ ကျပ်၊ ဆန်ကတော့ တစ်အိတ်ကို ၅၇၀၀၀ ပေါက်ဈေးရှိပြီး ၃၀၀၀ ကျပ်ဈေးတက်လာပါတယ်။

အခြား ဖျာပုံ၊ ဒေးဒရဲ၊ မအူပင်ဈေးကွက်တို့မှာလည်း စပါးတင်း ၁၀၀ကို အနိမ့်ဆုံး ၁၀၀၀၀ ကနေ ၃၀၀၀၀ အထိ ဈေးမြင့်တက်လာခဲ့ပါတယ်။

**မတ်ပဲ**

မတ်ပဲကတော့ ပိတ်ရက်မတိုင်ခင်နဲ့နှိုင်းယှဉ်ရင်ဈေးတွေ မြင့်တက်လာခဲ့ပါတယ်။ အိန္ဒိယဝယ်လိုအားရှိနေတာဖြစ်လို့ ပိတ်ရက်ကာလအပြီး အရောင်းအဝယ်ဖြစ်ပြီး ဈေးတွေမြင့်တက်လာတာလို့ ပဲကုန်သည်တွေက ဆိုပါတယ်။ မတ်ပဲကတော့ အိန္ဒိယနိုင်ငံရဲ့ လိုအပ်ချက်ကြောင့် ပြည်တွင်းပဲကုန်သည်တွေက စောင့်ကြည့်ဝယ်ရောင်းလုပ်နေတာဖြစ်လို့ လတ်တလော အခြေအနေအရ ဈေးကကျဆင်းနိုင်ခြေနည်းတယ်လို့ မတ်ပဲကုန်သည်အချို့ခန့်မှန်းပါတယ်။ အိန္ဒိယနိုင်ငံကလည်း ပဲဈေးကွက်မြင့်မားနေတာကို ထိန်းချုပ်နေပေမယ့် ထိရောက်မှုမရှိဘူးလို့ အိန္ဒိယပဲသတင်းတွေအရ သိရပါတယ်။

ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲ(FAQ/RC) တစ်တန်ကို ၂၀၇၀၀၀၀ ပေါက်ဈေးရှိပြီး ပိတ်ရက်မတိုင်ခင်နဲ့ယှဉ်ရင် တစ်တန်ကို ၁၅၀၀၀ လောက် ဈေးမြင့်တက်လာပါတယ်။

မန္တလေးဈေးကွက်မှာလည်း တစ်အိတ်ကို ၂၀၁၀၀၀ ကနေ ၂၀၃၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၂၀၀၀ လောက် ဈေးမြင့်တက်ပါတယ်။

မုံရွာဈေးကွက်၊အောင်လံဈေးကွက်၊ မော်လမြိုင်ဈေးကွက်၊ ပြည်ဈေးကွက်တို့မှာ မတ်ပဲက တစ်တင်းကို ၆၅၀၀၀ ကနေ ၆၈၀၀၀ ကြားပေါက်ဈေးရှိပြီး ၁၀၀၀လောက်ဈေးတက်ပါတယ်။

**ပဲစင်းငုံနီ**

ပဲစင်းငုံနီကတော့ ပိတ်ရက်မတိုင်ခင် ကာလနဲ့ယှဉ်ရင်ဈေးကျဆင်းပါတယ်။ အိန္ဒိယဝယ်ယူမှုရှိနေပေမယ့် ပိတ်ရက် ကာလ အတွင်း လှောင်လက်တွေရောင်းချမှု အနည်းငယ်များတဲ့အတွက် ဈေးချဝယ်ယူတာလို့ သိရပါတယ်။ ပဲလက်ကျန် မရှိတာဖြစ်လို့ ဈေးကျဆင်းမှုက ယာယီသာဖြစ်တယ်လို့ ပဲကုန်သည်အချို့က သုံးသပ်ပါတယ်။

ရန်ကုန်ဈေးကွက်မှာ ပဲစင်းငုံနီက တစ်တန်ကို ၂၃၇၀၀၀၀ ပေါက်ဈေးရှိပြီး ပိတ်ရက်မတိုင်ခင်ကာလ နဲ့ယှဉ်ရင် တစ်တန်ကို ၁၀၀၀၀ လောက်ဈေးကျဆင်းသွားပါတယ်။ မန္တလေးဈေးကွက်မှာတော့ တစ်အိတ်ကို ၂၂၅၀၀၀ ရှိပြီး ၃၀၀၀ ကျပ် ဈေးကျဆင်းသွားပါတယ်။ နယ်ဈေးကွက်တွေဖြစ်တဲ့ ပခုက္ကူ မုံရွာနှင့်အောင်လံဈေးကွက်မှာတော့ ၇၅၀၀၀ ပေါက်ဈေးရှိပြီး တစ်တင်းကို ၅၀၀ လောက် ဈေးကျဆင်းသွားပါတယ်။

**ပဲတီစိမ်း**

ပဲတီစိမ်းကတော့ ရန်ကုန်ဈေးကွက်မှာ ဈေးငြိမ်နေပြီး မန္တလေးဈေးကွက်မှာတော့ ဈေးအနည်းငယ် တက်လာပါတယ်။ တရုတ်ဝယ်လက်တွေ ပိတ်ရက်အပြီး အရောင်းအဝယ်ပြန်ဖြစ်လာလို့ ဈေးအနည်းငယ်ပြန်တက်လာတာလည်း ဖြစ်ပါတယ်။ ပဲတီစိမ်းက အဝင်ကလည်း ပုံမှန်ရှိနေတာဖြစ်လို့ ဈေးကအများကြီး အတက်အကျရှိနိုင်ဦးမှာ မဟုတ်ဘူးလို့ဆိုပါတယ်။

ရန်ကုန်ဈေးကွက်မှာတော့ ပဲတီစိမ်း(ခရမ်းရွှေဝါ)က တစ်ပိဿာကို ၃၇၅၀ ကျပ်၊ပဲတီစိမ်း(ပဲခူးရွှေဝါ)က တစ်ပိဿာကို ၃၅၈၀ ကျပ်၊ပဲတီစိမ်း(ဝါးခယ်မ)က တစ်ပိဿာကို ၂၂၁၅ ကနေ ၂၂၇၀ ကျပ် နဲ့ ဈေးငြိမ်နေပါတယ်။

မန္တလေးဈေးကွက်မှာတော့ ပဲတီစိမ်းက တစ်အိတ်ကို ၁၈၅၀၀၀ ကနေ ၂၂၀၀၀၀ ပေါက်ဈေးရှိပြီး ပိတ်ရက်မတိုင်ခင် ကာလနဲ့ယှဉ်ရင် တစ်အိတ်ကို ၁၅၀၀ ကနေ ၂၀၀၀ ကြားဈေးမြင့်တက်လာပါတယ်။

**ပဲကြီး**

ပိတ်ရက်ကာလမတိုင်ခင်ဈေးအေးနေခဲ့တဲ့ ပဲကြီးက ပိတ်ရက်ကာလအပြီးဈေးတွေ ဆက်တိုက်မြင့်တက်လာခဲ့ပါတယ်။ ဈေးကွက်အတွင်းအဝယ်နည်းနေတဲ့အပြင် ပြည်တွင်း ဝယ်လိုအားမြင့်တက်နေတယ်လို့ သိရပါတယ်။

ရန်ကုန်ဈေးကွက်မှာ ပဲကြီး(ရွှေကျွန်း)က တစ်ပိဿာကို ၄၆၉၀ ကနေ ၄၈၇၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၂၆၅ ကျပ်၊ ပဲကြီး(ကုန်း)ကတော့ တစ်ပိဿာကို ၄၄၀၀ ကနေ ၄၄၃၅ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၂၆၀ ကျပ်ဈေးတက်လာပါတယ်။

မန္တလေးဈေးကွက်မှာတော့ ပဲကြီး (ကြီး၊ လတ်၊ သေး)တို့က သုံးတင်းဝင်တစ်အိတ်ကို ၂၃၀၀၀၀ ကနေ ၂၅၅၀၀၀ ပေါက်ဈေးရှိပြီး ပိတ်ရက်မတိုင်ခင် ကာလနဲ့နှိုင်းယှဉ်ရင် တစ်အိတ်ကို ၂၀၀၀၀ ကျပ်ဈေးမြင့်တက်လာပါတယ်။ မုံရွာ ဈေးကွက်မှာလည်း တစ်တင်းကို ၈၅၀၀၀ ပေါက်ဈေးရှိပြီး ၃၅၀၀ကျပ်ဈေးတက်လာပါတယ်။

**ကြက်သွန်နီ**

ကြက်သွန်နီကတော့ ပိတ်ရက်အပြီး ဈေးကွက်ထဲကို ကြက်သွန်အဝင်နည်းလာတဲ့အတွက် ဈေးက ပြန်မြင့်တက်လာပါတယ်။ပိတ်ရက်မတိုင်ခင် နေ့စဉ်ဈေးကွက်ထဲကို ပိဿာချိန် ၃ သိန်းနီးပါးအဝင်ရှိခဲ့ ပေမယ့် ပိတ်ရက်အပြီးမှာတော့ ပိဿာချိန် ထက်ဝက်နီးပါးလျော့နည်းသွားတာဖြစ်လို့ ဈေးတွေ မြင့်တက်လာတာဖြစ်တယ်လို့ သိရပါတယ်။

နယ်စုံကနေ ကြက်သွန်အဝင်တွေက ပုံမှန်ရှိနေတာဖြစ်လို့ လာမယ့်အပတ်ကနေစပြီး အဝင်တွေပြန်သွက်လာနိုင်ပြီး ပွဲတော်ကာလအပြီး အဝယ်အေးနိုင်လို့ ဈေးတွေလည်း ကျဆင်းနိုင်တယ်လို့ ကြက်သွန်ကုန်သည်အချို့က ခန့်မှန်းထားပါတယ်။

ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာ ကြက်သွန်နီ (ဆိပ်ဖြူ)က တစ်ပိဿာကို ၁၂၀၀ ကနေ ၁၄၅၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၂၀၀ ကျပ်ဈေးတက်လာပါတယ်။ မြစ်သားကတော့ တစ်ပိဿာကို ၁၅၀၀ ကနေ ၂၁၀၀ ပေါက်ဈေးရှိပြီး ၃၀၀ ကျပ် ဈေးတက်လာပါတယ်။

ပခုက္ကူဈေးကွက်မှာတော့ ကြက်သွန်နီက တစ်ပိဿာကို ၃၀၀ ကနေ ၁၁၅၀ ကျပ်ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၁၅၀ ကျပ် ဈေးကျတက်လာပါတယ်။

**Source: AMIA**

https://t.me/htwettoe

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 21st Apr. 2023

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 11,141 (Shares) | 29,762,650 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 0 | 0 | 33,109,694 | 264,878 |
| MTSH | 00002 | 3,100 | +100 | +3.33% | 2,950 | 3,100 | 2,950 | 8,180 | 24,603,550 | 38,929,150 | 120,680 |
| MCB | 00003 | 6,900 | +0 | +0.00% | 6,900 | 6,900 | 6,900 | 0 | 0 | 10,400,986 | 71,767 |
| FPB | 00004 | 1,450 | +0 | +0.00% | 1,450 | 1,500 | 1,450 | 2,637 | 3,889,400 | 29,664,613 | 43,014 |
| TMH | 00005 | 2,550 | +0 | +0.00% | 2,450 | 2,550 | 2,450 | 110 | 270,500 | 12,823,224 | 32,699 |
| EFR | 00006 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 15 | 39,000 | 19,977,223 | 51,941 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,800 | 199 | 960,200 | 10,497,598 | 51,438 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 21st Apr. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 361.17 | +2.21 | +0.62% | 357.86 | 361.17 | 357.86 | 11,141 | 29,762,650 | 7 | 636,417 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

## Main Board

As of 11:30 am, 24th Apr. 2023

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,496 (Shares) | 4,473,600 (MMK) |

| MYANPIX | 359.23 ▼ 1.94 |
|---|---|
| Total Volume (shares) | 2,496 |
| Total Value (MMK) | 4 mil |
| Listed Company | 7 |
| Market Cap. (MMK) | 632,988 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,000 | ▲ 0 |
| MTSH | 00002 | 3,050 | ▼ 50 |
| MCB | 00003 | 6,900 | ▲ 0 |
| FPB | 00004 | 1,400 | ▼ 50 |
| TMH | 00005 | 2,550 | ▲ 0 |
| EFR | 00006 | 2,600 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |